# -ကွန်ဗင်းရှင်းဒုက္ခသည်နှင့်မိသားစုအတွက် ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်

～ဂျပန်ဘာသာလေ့လာသင်ကြားလိုသူ၊ ဂျပန့်ဓလေ့ထုံးစံများကိုသိလိုသူ၊
အလုပ်အကိုင် ရှာဖွေလိုသူ ဒုက္ခသည်နှင့်မိသားစုအတွက်～

အာရှလူမ၍ရေးနှင့်ပညာရေး ဖေါင်ဒေးရှင်း

ဒုက  သည်ကူညီရေးဌာနချုပ်

# နိဒါန်း

ဂျပန်နိုင်ငံအစိုးရသည်တရားရေးဝန်ကြီးကဒုက  သည်အဖြစ်အသိအမှတ်ပြုထားသူနှင့်မိသားစုအတွက် အခြေချနေထိုင်မ၍အထောက်အကူပြုစင်တာတွင် ဂျပန်ဘာသာ။ လူနေမ၍လမ်းညဉ်န်။အလုပ်အကိုင်မိတ်ဆက်ပေးခြင်း စသည့်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်ကိုအခမဲ့ဆောင်ရွက် ပေးနေပါသည်။

- ဂျပန်ဘာသာအခြေခံ။ဂျပန်တွင်နေထိုင်အသက်မွေးရာတွင်အထောက်အကူဖြစ်စေမည့်စနစ်။ဓလေ့ထုံးစံများကိုဂျပန်ဘာသာဖြင့် လေ့လာနိုင်ပါမည်၊
- အလုပ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်မိတ်ဆက်ပေးပါမည်၊
- မိမိနေအိမ်မှသင်တန်းတက်ရောက်နိုင်ပါသည်။။။
- အဝေးတွင်နေသူများအတွက်စင်တာအနီးတွင်စီစဉ်ပေးထားသောအခန်းပုံအခမဲ့တည်းခိုနိုင်ပါသည်။
- စင်တာအထိအသွားအပြန်လမ်းစရိတ်(စာမျက်နှာ၃တွင်ကြည့်ပါ)ကိုထုတ်ပေးပါမည်၊

(နေအိမ်မှစင်တာသို့ဥစင်တာမှနေအိမ်သို့သွားလာနေစဉ်ထိခိုက်မ၍အတွက်အာမခံထားရှိပေးပါမည်)

- အစီအစဉ်တွင်ပါဝင်တက်ရောက်နေချိန်အတွင်းနေထိုင်မ၍စရိတ်။ဆေးကုသစရိတ်ရရှိမည့်အပြင်။အစီအစဉ်ပြီးဆုံးချိန်တွင် အခြေချနေထိုင်ရေးထောက်ပံ့ငွေ(အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ)ကိုလက်ခံရရှိနိုင်ပါမည်၊(စာမျက်နှာ၃တွင်ကြည့်ပါ)

# အစီအစဉ်အသေးစိတ်

## ဂျပန်ဘာသာသင်တန်း ။ လူနေမှုလမ်းညွှန်၊ အလုပ်အကိုင်မိတ်ဆက်

**၁.　ဂျပန်ဘာသာသင်ကြားမှု (ပို့ ချ မှုအချိန် ၅၇၂နာရီ၊ တကြိမ်လျှင် ၄၅မိနစ်)**

- ဂျပန်ဘာသာအခြေခံ (ဖတ်၊ရေး၊နားထောင်)စသည်တို့ ကို သေချာစွာ တတ်မြောက်နိုင်ပါသည်၊
- ဂျပန်တွင်နေထိုင်ဖို့လိုအပ်သော ဂျပန်ဘာသာကို လေ့လာသင်ယူ နိုင်ပါသည်။



ဂျပန်ဘာသာသင်တန်း

**၂.　လူနေမှုလမ်းညွှန် (ပို့ ချ မှုအချိန် ၁၂၀နာရီခန့် ၊တကြိမ်လျှင် ၄၅မိနစ်)**

- ဂျပန်တွင် နေထိုင်အသက်မွေးရာ၌ သိထားသင့်သည့် စည်းမျဉ်း စနစ်များ (ဆေးကုသမှုဆိုင်ရာ အာမခံ၊ ပင်စင်၊ အခွန် စသည့်) ဂျပန့် ဓလေ့ထုံးစံ ကိုလေ့လာ သင်ယူနိုင်ပါသည်။

＊ဂျပန်ဘာသာသင်ကြားမှုနှင့် လူနေမှုလမ်းညွှန်ကို တွဲဖက်၍သင်ကြားပါသည်။

**၃.　အလုပ်အကိုင် မိတ်ဆက်ထောက်ခံပေးခြင်း**

- အလုပ်အကိုင်လိုသူအတွက် အလုပ်ရှာဖွေရန် ကူညီနိုင်ပါသည်။
  - လုပ်ချင်သည့်အလုပ်ကို မတွေ့နိုင်သည့်အခါလည်း ရှိပါသည်။
- ဤအစီအစဉ်တက်ရောက်နေသူများသည် အောက်ပါအထောက်အကူကို ခံယူနိုင်ပါသည်။
  - အလုပ်အကိုင်ရှာဖွေရန်လိုအပ်သော လမ်းစရိတ်ကို ပေးပါမည်။
  - အလုပ်ဝင်ရန် မျှော်မှန်းသောကုမ္ပဏီတွင် လုပ်ငန်းခွင်နှင့်လိုက်လျောညီထွေဖြစ်ရေး လေ့ကျင့်ခန်းကို သင်ယူနိုင်ပါသည်။ လေ့ကျင့်ခန်းက အကြာဆုံး(၆)လဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းကိုသင်ယူနေသည့် အချိန်တွင် နေထိုင်စရိတ်ကိုထောက်ပံ့နိုင်ပါသည်။



အလုပ်အကိုင်အတွက်တိုင်ပင်ဆွေးနွေးနေပုံ

## သင်တန်းအမျိုးအစားနှင့်တင်မည့်အချိန်

●ဂျပန်ဘာသာသင်တန်းကို ၅၇၂နာရီ (ပို့ချမှုအချိန်၁နာရီသည် ၄၅မိနစ်ဖြစ်ပါသည်)နှင့်
လူနေမှုလမ်းညွှန်ကို ၁၂၀နာရီ (ပို့ချမှုအချိန်၁နာရီသည် ၄၅မိနစ်ဖြစ်ပါသည်)
စုစုပေါင်း ၆၉၂နာရီ သင်ကြားနိုင်ပါမည်။

•၆လသင်တန်း သို့မဟုတ် တစ်နှစ်သင်တန်းမှာ ရွှယ်နိုင်ပါမည်။
၆လသင်တန်းသည် တနင်္လာနေ့မှသောကြာနေ့၊ ၉း၃၀မှ ၁၅း၄၅ထိ (တစ်နေ့မှာ ၆နာရီ)၊
တစ်နှစ်သင်တန်းသည် တနင်္လာနေ့မှ သောကြာနေ့၊ ၁၈း၃၀မှ ၂၀း၅၅ထိ (တစ်နေ့မှာ ၃နာရီ)ဖြစ်ပါသည်။
စနေနေ့၊တနင်္ဂနွေနေ့၊အစိုးရရုံးပိတ်ရက်မှာ ကျောင်းပိတ်ပါသည်။

•သင်တန်းများသည် ဧပြီလမှ စဖွင့်ပါမည်။

## သင်တန်းတက်ရောက်နိုင်သူ

တရားရေးဝန်ကြီးက ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံထားရသူနှင့် ထိုသူ၏*မိသားစု* (မှတ်ချက်–၁)
သို့ရာတွင် ယခုအချိန်အထိ ၂၀၀၆ခုနှစ်မတ်လတွင်ရပ်ဆိုင်းလိုက်သည့်နိုင်ငံတကာကူညီရေးစင်တာ
နှင့်‌ထောက်ပံ့ရေး စင်တာတို့ တွင် ဂျပန်ဘာသာစသည့် အခြေချနေထိုင်ရေး အထောက်အပံ့ကို
ရယူခဲ့ဘူးသူများမပါဝင်ပါ။(မှတ်ချက်–၂)

(မှတ်ချက်–၁ ၊ ၊ မိသားစုဟုဆိုရာတွင် ဂျပန်တွင်နေထိုင်သူ နိုင်ငံခြားသားဖြစ်ပြီး ၊ ကွန်ဗင်းရှင်းဒုက္ခသည်၏မိသားစုအဖြစ်
ဂျပန်တွင်နေထိုင်ခွင့် ရရှိထားသူကို ဆိုလိုပြီး ထိုသူမှာ အိမ်ထောင်ဖက်၊ မိဘ၊ အိမ်ထောင်မကျသေးသူ သားသမီး
သာဖြစ်ရမည်ဟု ကန့်သတ်ထားပါသည်။)
(မှတ်ချက်–၂ ၊ ၊ကျန်းမာရေးအခြေအနေ၊ ဂျပန်ဘာသာ၏စွမ်းရည်စသည်များကိုကြည့်၍ သင်တန်းဝင်မည့်အချိန်
စောင့်ဆိုင်းခြင်း၊ သင်တန်းသို့မဝင်နိုင်မည်အခါ ရှိနိုင်ပါမည်။)


ရုံးခန်း


ကလေးများအတွက်အခန်း


နားနေခန်း

# တည်းခိုဆောင်နှင့်လူနေမှုထောက်ပံ့ကြေး

## ၁. တည်းခိုဆောင်

● မိမိနေအိမ်သည် သင်တန်းမှ ဝေးကွာ၍ စင်တာကို မတက်နိုင်သူတို့အတွက် အခမဲ့တည်းခိုနိုင်သောအခန်းရှိပါသည်။
အများဆုံးရက်ပေါင်း ၁၈၀ အသုံးပြုနိုင်ပါသည်။

- နှစ်ဝက်သင်တန်းတက်သူသာ တည်းခိုနိုင်ပါသည်။
- မိသားစုလည်း အတူတည်းခိုနိုင်ပါသည်။

*သင်တန်းပြီးမှ နေမည့်အိမ်ကို သင်တန်းတက်သူကိုယ်တိုင်ရှာဖွေရမည်။

## ၂. လူနေမှုထောက်ပံ့ကြေးစသည်များ

အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်ကိုတက်ရောက်မည့်သူသည် တက်ရောက်နေစဉ်အတွင်း အောက်ပါထောက်ပံ့ကြေးများကိုရရှိပါမည်။

| | |
|---|---|
| လူနေမှုစရိတ်<br>(စားဝတ်နေရေးအတွက်)<br>*အခြေအနေကိုမူသည်၍မရနိုင်သည့်လူရှိပါသည်။ | လူကြီး (၁၂နှစ်အထက်) တစ်ရက် ယန်း ၁၅၀၀–<br>ကလေး (၁၂နှစ်အောက်) တစ်ရက် ယန်း ၇၅၀–<br>* တနှစ်သင်တန်းတက်သူမှာ တစ်ရက်အတွက်အထက်ပါနှုန်း၏ထက်ဝက် ဖြစ်ပြီး တနှစ်လုံးရရှိပါမည်။ |
| လမ်းစရိတ်<br>(ရထားဘတ်စ်ကားခအတွက်)<br>*အခြေအနေကိုမူသည်၍မရနိုင်သည့်လူရှိပါသည်။ | နေအိမ် (သို့) အလုပ်ခွင်မှ သင်တန်းထိ အနီးဆုံး လမ်းစရိတ် |
| ဆေးကုသမှုစရိတ်<br>(ရောဂါဒဏ်ရာရသည့်အခါ) | သင်တန်းတက်နေသောအခါ ဖြစ်သည့် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားကိုက်ခြင်း၊ ဒဏ်ရာရခြင်း<br>စသည်များအတွက် ကျသောဆေးကုသစရိတ်။ ကြာနာသောရောဂါ၊ ကြီးမားသောရောဂါဖြစ်လျှင် မပေးနိုင်ပါ။ (စင်တာသို့ တက်ရောက်သူများအားလုံး ကျန်းမာရေးအာမခံကို ဝင်ရပါသည်) |
| အခြေချ မှုဆိုင်ရာကူညီငွေ<br>(အခြေချနေထိုင်ရန်ပြင်ဆင်မှုအတွက်) | လူကြီး (၁၆နှစ်နှင့်အထက်) ယန်း ၁၅၆၈၀၀–<br>ကလေး (၁၆နှစ်အောက်) ယန်း ၇၈၄၅၀–<br>*အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ် ကို ပြီးမြောက်ချိန်တွင် တကြိမ်တည်းသာ |

# အခြား(ဒုက္ခသည်ဆိုင်ရာတိုင်ပင်ဆွေးနွေးခြင်း၊ ဂျပန်ဘာသာပညာရေးတိုင်ပင်ဆွေးနွေးခြင်း)

လူနေမှု ၊ ပညာရေး၊ အလုပ်အကိုင် စသည်တို့တွင် တွေ့ကြုံခံစားနေရသည့်
အခက်အခဲများတိုင်ပင်ဆွေးနွေးခြင်းကိုအတိုင်ပင်ခံ ဝန်ထမ်းများက အခမဲ့
ဆောင်ရွက်ပေးပါသည်။ကိုယ်ရေးအချက်အလက်များအား
မပေါက်ကြားစေရန် ထိန်းသိမ်းမည်ဖြစ်သဖြင့်အားမနာဘဲ ဆက်သွယ်နိုင်ပါသည်။

- တယ်လီဖုန်း ： ၀၁၂၀–၀၈၀–၀၉၁ (အခမဲ့)
  (တနင်္လာ မှ သောကြာ ၉ း ၃၀ မှ ၁၇ း ၀၀)

* ဂျပန် ၊ အင်္ဂလိပ် ၊ မြန်မာ၊ ပြင်သစ် ဘာသာများဖြင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်သည် ဂျပန်သက္ကရာဇ်၂၂ခုနှစ်မှာ ဒုက္ခသည်ကူညီရေးဌာနချုပ်ကို အပ်နှံခဲ့ပါသည်။


ဆက်သွယ်ရန် ။ ။ အာရှလူမှုရေးနှင့်ပညာရေး ဖေါင်ဒေးရှင်း ၊ ဒုက္ခသည်ကူညီရေးဌာနချုပ် (RHQ)

○ဌာနချုပ်ရုံး ။ ။ 5-1-27 MINAMI AZABU , MINATO KU, TOKYO 106-0047
ＴＥＬ：０３−３４４９−７０１１ ＦＡＸ：０３−３４４９−７０１６

○ကန်ဆိုင်းရုံးခွဲ ။ ။ 11F NIHONSEIMEI KOBE EKIMAE BLDG. NAKAMACHI ST . 2-1-18 CHUO KU KOBE HYOGO KEN 650-0027
ＴＥＬ：０７８−３６１−１７００ ＦＡＸ：０７８−３６１−１３２３